# ယုံကြည်ခြင်း၏ မျက်လုံး

By Ron Rhodes

အချိန်က ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းဖြစ်သည်။ မြူနှင်းများ သိပ်သည်းစွာ ဖုံးကွယ်ပိတ်ဆီးနေသောကြောင့် ကြီးမားသော မီးသင်္ဘောကြီးသည် နယူးဖောင်းလန်း( **Newfoundland**) ကမ်းရိုးတန်းပြင်ပ၌ သတိနှင့် ဖြေးညင်းစွာ ခုတ်မောင်းနေရသည်။ သင်္ဘော၏ မြူနှင်းထူထပ်ချိန် အချက်ပေး ဥသြသံက ပျင်းရိထိုင်းမှိုင်းစွာပေါ်ထွက်လာနေသည်။ အိပ်ရေးပျက်သောကြောင့် ခြေကုန်လက်ပန်းကျလုနီးပါးဖြစ်နေသည့် သင်္ဘောကပ္ပတိန်သည် မိမိပုခုံးကို ညင်သာစွာလက်ဖြင့်ပုတ်နိုးခြင်းခံရ၍ အထိတ်တလန့် ဖြစ်သွားရာမှ အသက် (၇၀) နီးပါးခန့်အဖိုးအိုတစ်ဦးကို မိမိနှင့် မျက်နှာခြင်းဆိုင်တွင် စိတ်တိုသည့်ကြားမှ တွေ့ခဲ့ရသည်။

အဖိုးကြီးက "ကပ္ပတိန်၊ ကျွန်တော်စနေနေ့မွန်းလွဲပိုင်းမှာ Quebec ကိုရောက်မှဖြစ်မယ်ဆိုတာကိုလာပြောတာပါ"ဟုပြောနေ၍ ကပ္ပတိန်သည် ခေတ္တမျှ တွေးဆလျက် သူ့အား "မဖြစ်နိုင်ပါဘူး"ဟု စိတ်ဆိုးဆိုးဖြင့် ဖြေကြားခဲ့သည်။ ထိုအခါ အဖိုးအိုက "ကောင်းပြီ၊ ခင်ဗျားရဲ့သင်္ဘောကျုပ်ကို မပို့ပေးနိုင်ရင် ဘုရားသခင်က ကျုပ်ကို ပို့ဆောင်ဖို့ အခြားနည်းလမ်းရှာဖွေလိမ့်မယ်။ (၅၇) နှစ်လုံးလုံး အချိန်းအချက်လုပ်ထားတာကို တစ်ခါမှ ကျုပ်မပျက်ကွက်ခဲ့ဘူး"ဟု ပြောနေသည်။ ကပ္ပတိန်က ပင်ပန်းနွမ်းနယ်စွာဖြင့် သူ၏လက်ကို မလိုက်ရင်း စိတ်ပျက်လက်ပျက်အမူအရာနှင့် "ကျွန်တော် တတ်နိုင်ရင်ကူညီမှာဘဲ၊ ဒါပေမဲ့ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး" ပူပင်ကြောက်ရွံ့မှု ကင်းမဲ့စွာဖြင့် အဖိုးအိုက "ရေကြောင်းပြ မြေပုံခန်းထဲမှာသွားပြီး ဆုတောင်းကြရအောင်"ဟု အကြံပြုလာခဲ့ရာ ကပ္ပတိန်က မျက်ခုံးကို ပင့်လိုက်ရင်း လုံး၀ မယုံကြည်နိုင်စရာအကြည့်ဖြင့် စိတ္တဇဆေးရုံမှ လွတ်မြောက်လာခဲ့သောသူတစ်ဦးကို မြင်တွေ့နေရသည့်အလား အဖိုးကြီးအားကြည့်နေခဲ့သည်။

"မြူနှင်းတွေ ဘယ်လောက်တူနေသလဲဆိုတာကို ခင်ဗျားသိရဲ့လား?" ကပ္ပတိန်က မေးလိုက်သည်။ "မသိဘူး၊ ကျုပ်မျက်လုံးက မြူနှင်းရဲ့အထူကို ကြည့်မနေဘူး။ ဒါပေမဲ့ ကျုပ်ဘ၀ရဲ့အခြေအနေအကြောင်းအရာအရပ်ရပ်ကို ထိန်းချုပ်တဲ့ ဘုရားသခင်ပေါ်မှာ ရှိနေတယ်"။

ပို၍ ကောင်းမွန်သော မိမိ၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်လျက် အဖိုးကြီးနှင့်အတူ ရေကြောင်းပြ မြေပုံအခန်းတွင်းသို့ သွားရောက်ခါ အတူဒူးထောက်ဆုတောင်းလိုက်သည်။ " သခင်ဘုရား၊ ဤအခြေအနေက ကိုယ်တော်၏ အလိုတော်နှင့်အညီဖြစ်လျှင် ကျေးဇူးပြု၍ ဤမြူနှင်း များကို (၅)မိနစ်အတွင်း ဖယ်ရှားပေးပါ။ စနေနေ့ Quebec မှာ ကိုယ် တော်ကျွန်တော့်အတွက် ပြုလုပ်ထားတဲ့ အချိန်းအချက်ကို ကိုယ်တော်သိပါ တယ်။ ဒါကလည်း ကိုယ်တော်ရဲ့ အလိုတော်ဖြစ်ကြောင်း ကျွန်တော်ယုံကြည်ပါတယ်။ "

အများဆုံး အမည်ခံ ခရစ်ယာန်သာလျှင် ဖြစ်နိုင်သည့် ကပ္ပတိန်က အဖိုးကြီးရွတ်ဆိုသော ဆုတောင်းချက်အတိုလေးကို အဖိုးကြီးအလိုကျလိုက်၍ ရွတ်ဆိုရန် တွေးလိုက်မိခဲ့သော်လည်း သူ့အနေနှင့် တစ်ခွန်းမျှ မဟလိုက်နိုင်မီ မိမိပုခုံးအား တစ်စုံတစ်ဦးက ပုတ်လိုက်ကြောင်း ခံစားမိ၍ ကြည့်လိုက်ရာ အဖိုးကြီးက "ခင်ဗျားဟာ မယုံကြည်တဲ့အတွက် ဆုမတောင်းပါနဲ့။ ကျုပ်က ယုံကြည်တဲ့အတွက် ဘုရားသခင် အဖြေပေးခဲ့ပြီးဖြစ်တယ်။ ဒါကြောင့် ခင်ဗျားအနေနဲ့ ဆုတောင်းပေးဖို့ မလိုတော့ဘူး"ဟုပြောလာ၍ ကပ္ပတိန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ရသည်။ ထို့နောက်တွင် အဖိုးကြီးက ရှင်းပြလာခဲ့သည်။

"ကပ္ပတိန်ရေ၊ သခင်ဘုရားနဲ့ ကျုပ်သိကျွမ်းခဲ့တာ (၅၇)နှစ်တိုင်ရှိခဲ့ပြီး ဘုရင်ကြီးရဲ့ ရှေ့တော်မှောက် ၀င်ရောက်ခစားဘို့ ပျက်ကွက်ခဲ့တဲ့ ရက်တစ်ရက်မှ မရှိခဲ့ဘူး။ ထပြီးကြည့်လိုက်ပါ၊ ကပ္ပတိန်၊ မြူနှင်းတွေ ကင်း စင်သွားခဲ့ပြီဆိုတာကို ခင်ဗျားတွေ့ရမယ်" ခိုင်းစေသည့်အတိုင်းထ၍ ကြည့်ခဲ့ရာ အံ့သြဖွယ်ရာ မြူနှင်းများ ပျောက်ကွယ်သွားပြီဖြစ်ကြောင်းကို သူတွေ့ခဲ့ရသည်။

ဤကဲ့သို့ အသက်အရွယ်အိုမင်းလာခဲ့ပြီဖြစ်သော ဆရာကြီးဂျော့မူလာနှင့် တွေ့ကြုံခဲ့ရခြင်းက သူ၏ ခရစ်ယာန်အသက်တာကို လုံး၀တော်လှန်ပြောင်းလဲပစ်လိုက်ခြင်းအပေါ် နောင်တွင် ထိုသင်္ဘောကပ္ပတိန်က သက်သေခံခဲ့သည်။ မူလာ၏ ဘုရားသခင်သည် သမ္မာကျမ်းစာ၏ စစ်မှန်ပြီး အသက်ရှင်တော်မူသော ဘုရားဖြစ်ကြောင်း သူမျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ မယုံကြည်နိုင်စရာ တန်ခိုးစွမ်းအင်က အင်အားချိနဲ့နေသော အဖိုးအိုထံမှ စီးထွက်ခဲ့ကြောင်း သူမြင်ခဲ့ရရာ ထိုတန်ခိုးစွမ်းအားက ဘုရားသခင်၌ ကလေးငယ်တစ်ဦးကဲ့သို့ ယုံကြည်ခြင်းတွင် အမြစ်တွယ်သည့် တန်ခိုးစွမ်းအား။

ကွယ်လွန်သွားခဲ့ပြီဖြစ်သော သင်းအုပ်ဆရာကြီး ရေးစတက်(ဒ)မန်က "ယုံကြည်ခြင်းမှာ ၄င်းနဲ့ပတ်သက်ပြီး အထင်အရှားမြင်ရတဲ့ လျှောင်ပြောင်သရော်ချင်စရာကောင်းမှုတစ်ခုရှိနေတယ်။ မိမိတို့ ပတ်ဝန်းကျင်တဝိုက်က လူတွေ လုပ်ကိုင်နေတဲ့ အရာတွေကိုသာ လုပ်နေရင် ခင်ဗျားဟာ ယုံကြည်ခြင်းအားဖြင့် လုပ်ဆောင်နေခြင်းမဟုတ်ဘူး။ ယုံကြည်ခြင်းက အစဉ်အမြဲဆိုသလို အခြေအနေ အကြောင်းအရာတွေကို အာခံ အံတုတယ်၊ သူ့ကို စွန့်စားမှု၊ အရဲစွန့်မှုတို့နဲ့ ဖွဲ့စည်းထားတယ်"ဟု ပြောခဲ့ဖူးသည်။

ထိုအရာက သူ၏ ကြာရှည်ပြီး အကျိုးတရား ဖြစ်ထွန်းလှသော ဘ၀အသက်တာတလျှောက် ဆယ်စုနှစ်တစ်စုပြီးတစ်စု ဆရာကြီး ဂျော့မူလာ သက်သေထင်ရှားပြခဲ့သည့် ယုံကြည်ခြင်းမျိုးပင်ဖြစ်ခဲ့ပြီး သူမြေကြီးပေါ် ခေတ္တအသက်ရှင်နေထိုင်ခဲ့သည့် အချိန်ကာလ၏ နောက်ဆုံးနှစ်အတွင်း သူ၏ ယုံကြည်သက်ဝင်မှုက နှစ်များစွာ နည်းနည်းချင်း တိုးပွားလာခဲ့ကြောင်းကို ရေးသားထားခဲ့သော်လည်း သူနှင့် ပတ်သက်၍၄င်း၊ သူ၏ ယုံကြည်ခြင်းနှင့်ပတ်သက်၍၄င်း၊ ထူးထူးခြားခြား မရှိမှုကိုတော့ လေးနက် ပြတ်သားစွာ အခိုင်အမာပြောဆိုခဲ့သည်။ ဘုရားသခင်၏ သားသမီးတို့သည် စုံစမ်းနှောင့်ယှက်ခြင်းများ ရောက်ရှိလာသောအခါ အရှုံးပေးလိုက်မည့်အစား ကြံ့ကြံ့ခံလျက်သာ ရပ်တည်ခဲ့ကြလျှင် သူတို့အားလုံးလိုလိုအတွက် ယုံကြည်ကိုးစားသည့် ဘ၀အသက်တာက ပွင့်လျက်ရှိကြောင်း သူယုံကြည်ခဲ့သည်။



- George Mueller (ဂျော့မူလာ) ၁၈၀၅-၁၈၉၅

ဘာသာရေး ပြုပြင်ပြောင်းလဲမှုကြီးအပြီး ပေါ်ပေါက်လာခဲ့သည့် Brethren ခေါ် ဘာသာရေး ကိုင်းရှိုင်းသူများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်တစ်ဦးအနေနှင့် အင်္ဂလန်နိုင်ငံ Bristol တွင် မိဘမဲ့ ကလေးဂေဟာ (၅)ခုကို တည်ထောင်ခဲ့ရာ ကလေးငယ်ပေါင်း ၂၀၀၀ အတွက် ခိုကိုးရာဖြစ်ခဲ့သည်။ သူ၏ ဘ၀အသက်တာတစ်လျှောက် မိဘမဲ့ကလေးပေါင်း ၁၀၀၀၀ နီးပါးမျှကို ကြည့်ရှုခဲ့ပြီး ဒေါ်လာ ၁.၅သန်း (ယနေ့ ဒေါ်လာတန်ဖိုးအရ ဒေါ်လာသန်းပေါင်းများစွာ)ကို ယုံကြည်ခြင်းသက်သက်ဖြင့် လက်ခံရရှိခဲ့သည်။ သူမကွယ်လွန်မီ သူသည် ဆုတောင်းခြင်းမှ တိကျသေချာသော အဖြေပေါင်း ၅၀၀၀၀ ရရှိခဲ့ပြီဖြစ်ကြောင်း ခန့်မှန်းခဲ့သည်။